# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 10 , 2023 Volume 69, Number 7


၁၀.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၅.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၁.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၆.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၃၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၅၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၉.၃၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၈၉၇ ကျပ် |

Source: CBM Rate, etrademyanmar.com


## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင် ကျင်းပပြုလုပ်မည့် “HORTICULTURAL EXPO 2023” တွင် မြန်မာနိုင်ငံကိုယ်စားပြု ပြခန်းဆောင်ပါဝင်ပြသမည့် အစီအစဉ်များအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြား



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့အထိ (၆) လအကြာ ကျင်းပပြုလုပ်မည့် “Horticultural Expo 2023” တွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းဆောင် ပါဝင်ပြသမည့် အစီအစဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်းပြီး တင်ပြမှုအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် အဆိုပါကုန်စည်ပြပွဲတွင် မြန်မာပြခန်းဆောင်တာဝန်ခံအဖြစ် ဆောင်ရွက်မည့် Treasure Cap Group of Companies မှ တာဝန်ရှိသူများက မြန်မာပြခန်းဆောင် ဒီဇိုင်းရေးဆွဲထားမှုအခြေအနေများ၊ ပြပွဲကာလအတွင်း ထည့်သွင်းကျင်းပမည့် အစီအစဉ်များနှင့် ပြပွဲတွင် မြန်မာပြခန်းဆောင် အောင်မြင်စွာ ပါဝင်ပြသနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

Horticultural Expo 2023 တွင် မြန်မာနိုင်ငံပါဝင်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးမှ ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80% B1%E1%80%AC%E1%80% 80%E1% 80% BA%E1%80%86%E1%80%AF%E1%80%B6%E1%80%B8%E1%80%

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၄ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ် ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ ရော်ဘာနှင့်ဆန်ကွဲများ တင်ပို့ခဲ့ပြီး ပို့ကုန်၏စုစုပေါင်းငွေပမာဏမှာ ၆၁၆၁၂၅.၅၈၀ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် မှ ၂၈ ရက်နေ့ထိ တင်ပို့ကုန်၏ငွေပမာဏ ၆၁၂၂၁၃.၇၂၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၉၁၁.၈၆၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၄ ရက်နေ့အတွင်း မီးဖိုချောင်သုံးပစ္စည်းများ၊ ချည်ထည်များ၊ ဓါတ်မြေဩဇာများ၊ စက်နှင့်စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဘတ္တရီခြောက်များ၊ ပလပ်စတစ်ပိုက်၊ သံပိုက်နှင့်မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၁၁၃၀၈၉၈.၄၈၀ ကန်ဒေါ်လာတင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်မှ ၂၈ ရက်နေ့ထိ တင်သွင်းကုန်၏ငွေပမာဏတန်ဖိုး ၈၅၁၇၅၀.၈၇၀ ကန်ဒေါ်လာနှင့် ကာလတူ တင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၂၇၉၁၄၇.၆၁၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၅၁၄၇၇၂.၉၀၀ ကန်ဒေါ်လာတန်ဖိုးလျော့နည်းပြီး ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၂ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၂.၃၉ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇုန်ဌာန**

## မန္တလေးကုန်စည်ဒိုင်တွင် ပဲတီစိမ်းဈေးနှုန်း ကျဆင်းနေ

ဩဂုတ်လ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်တွင် ပဲတီစိမ်း(အညာ)ဈေးအနည်းငယ် ကျဆင်းလာကြောင်းသိရသည်။ ဈေးကွက်သို့ ကျောက်ဆည်နယ်နှင့် မန္တလေးအနီးတဝိုက်မှ ဝင်ရောက်နေပြီး ပဲအသစ်အဝင်ရှိခြင်း၊ အရည်အသွေးနှင့် အစိုဓာတ်အပေါ်မူတည်၍ ရောင်းဝယ်နေကြခြင်းကြောင့် ဈေးအပြောင်းအလဲဖြစ်နေတာမို့ အများကြီးကျဆင်းတာမျိုးမဟုတ်ပဲ ပုံမှန်ပေါက်ဈေးထက် အနည်းငယ်ကျခြင်းဖြစ်ကြောင်း ပြည်ပတင်ပို့မှုရှိကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**ပဲတီစိမ်း(အညာ)** ၅၆.၂၅ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၅၀၀၀၀ မှ ၁၇၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၆၅၀၀၀ မှ ၁၇၅၀၀၀ ၊ ယခင်လ ကျပ် ၁၅၅၀၀၀ မှ ၁၇၂၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၁၅၀၀၀၊ ယခင်လထက် ကျပ် ၂၀၀၀ မှ ၅၀၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပြည်ပဆန်တင်ပို့မှုမှ ကန်ဒေါ်လာ ၁၃၈ သန်းရရှိထား

ယခုဘဏ္ဍာနှစ်ဖြစ်သည့် လေးလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် သုံးသိန်းကျော် တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၈ သန်းရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။

ဘဏ္ဍာနှစ်အစဖြစ်သည့် ဧပြီလတွင် ဆန်တန်ချိန် ရှစ်သောင်းကျော်တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၃၆ သန်း၊ မေလတွင် ဆန်တန်ချိန် တစ်သိန်းကျော်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၈ သန်း ၊ ဇွန်လတွင် ဆန်တန်ချိန် ခြောက်သောင်းကျော် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၈ သန်းနှင့် ဇူလိုင်လတွင် ဆန်တန်ချိန် ငါးသောင်းကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၆ သန်းရရှိထားကြောင်း သိရသည်။

ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပသို့အများဆုံး တင်ပို့ခဲ့ခြင်းဖြစ်ပြီး တရုတ်၊ ဖိလစ်ပိုင်၊ စပိန်၊ ပေါ်တူဂီ၊ ဘူလ်ဂေးရီးယား၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ UK အပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်ကို တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် နှစ်သန်းခွဲတင်ပို့နိုင်ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက နိုင်ငံပိုင်သတင်းဌာနသို့ ဖြေကြားထားသည်။

**Source:** https://www.popularmyanmar.com/?p=124341

## ပြည်ပသို့ ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိနေသည့်ကုမ္ပဏီ ၁၅၀ ကျော်ရှိ

၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၁၅ ရက်အထိ ပြည်ပသို့ ပင်လယ်ရေကြောင်း၊ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးနှင့် ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးတို့မှတစ်ဆင့် ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ကုမ္ပဏီ (၁၅၇) ခု ကျန်ရှိနေသေးကြောင်း ကြားသိနေရသည်။

အဆိုပါကုမ္ပဏီများကို ဩဂုတ်လ ၁၁ ရက်နောက်ဆုံးထား၍ ပို့ကုန်ရငွေများကို စာရင်းရှင်းလင်းပေးရမည်ဖြစ်ပြီး စာရင်းရှင်းလင်းခြင်းမရှိပါက ၁၄ ရက်နေ့တွင် ပို့ကုန်သွင်းကုန်လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူခံရနိုင်ဖွယ်ရှိကြောင်းသိရသည်။ ယင်းကြောင့် အဆိုပါကုမ္ပဏီ (၁၅၇) ခု စာရင်းတွင် မိမိတို့ကုမ္ပဏီများ ပါ/မပါ စစ်ဆေးကြရန်လည်း လိုအပ်မည်ဖြစ်သည်။ "ပြည်ပကိုတင်ပို့ပြီး ရလာတဲ့နိုင်ငံခြားဝင်ငွေကို မြန်မာ့စီးပွားရေးဘဏ်အပါအဝင် လိုင်စင်ရဘဏ် ၆ ခုမှာ သူတို့သတ်မှတ်ထားတဲ့အတိုင်း လုပ်ဆောင်ရတယ်။ တစ်နေ့ဟာ တစ်နေ့ရှင်းတယ်။ နောက်ရက်ကူးသွားရင်အဆင်မပြေဘူး"ဟု မူဆယ်ဆန်စပါးကုန်စည်ဒိုင်မှ ဒုဥက္ကဋ္ဌ ဦးမင်းသိမ်းက ပြောသည်။

ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်တင်ပို့သည့်နေ့မှ (၃)လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက်ထည့်သွင်းရန် ပြဋ္ဌာန်းသတ်မှတ်ထားကြောင်း၊ သို့ဖြစ်ပါ၍ ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်းတို့တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့်အတိုင်း ပို့ကုန်ရငွေများအားလုံးကို ပို့ကုန်တင်ပို့သည့်နေ့မှ (၃)လအတွင်း နိုင်ငံတော်အတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ မပျက်မကွက်ထည့်သွင်းရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်သွားမည်ဟု ဗဟိုဘဏ်မှ ၂၀၂၂ ခုနှစ်တွင်အသိပေးကြေညာထားပြီးဖြစ်သည်။

ထို့ပြင် ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ဝင်ငွေ ၆၅ အစား ၅၀ ရာခိုင်နှုန်းကို ဗဟိုဘဏ်မှ ဇူလိုင် ၁၃ ရက်တွင် ပြောင်းလဲသတ်မှတ်ထားသည်။

**Source:** https://www.popularmyanmar.com/?p=124322

## နှမ်းနက်(စမုံ)ဈေး အနည်းငယ်တက်


မကွေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံဖြစ်သည့် နှမ်းသီးနှံကို အဓိကထားစိုက်ပျိုးကြသလို နွေ၊ မိုး၊ ဆောင်းဥတုသုံးပါးစလုံး စိုက်ပျိုးကြပါသည်။ နှမ်းစိုက်ဧကအားဖြင့် (၁၂)သိန်းကျော်ရှိပြီး မြို့နယ်အားလုံးလိုလို စိုက်ပျိုးကြသော်လည်း နှမ်းနက်(စမုံ)ကို မကွေး၊ အောင်လံ၊ တောင်တွင်းကြီး၊ မင်းဘူးဒေသများတွင် အများဆုံးစိုက်ပျိုးကြပြီး ကျန်ဒေသများတွင် အနည်းငယ်သာ စိုက်ပျိုးကြပါသည်။

ယခုဩဂုတ်လမှစ၍ နှမ်းနက်(စမုံ)များ ပေါ်စပြုပြီဖြစ်ရာ ပေါ်စမှာပင် တောင်သူများ ဈေးကောင်းရနေကြောင်း သိရှိရပါသည်။ နှမ်းနက်(စမုံ)သီးနှံသည် ပြည်ပပို့ကုန်အနေဖြင့် တင်ပို့ရောင်းချရသော နိုင်ငံခြားဝင်ငွေရရှိနေသည့်

သီးနှံလည်းဖြစ်ပါသည်။ နှမ်းသီးနှံစိုက်ပျိုးပါက ကုန်ကျစရိတ်အားဖြင့် တစ်ဧကလျှင် (၄)သိန်း ကျော် ပျှမ်းမျှကုန်ကျပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် (၆.၅၆)တင်း ပျမ်းမျှထွက်ရှိရာ နှမ်းနက်(စမုံ) ၄၅ပိဿာ (၃)တင်းဝင် တစ်အိတ်လျှင် ယခုပေါက်ဈေး (၃)သိန်းဖြင့်တွက်ချက်ပါက အကျိုးအမြတ်အားဖြင့် တစ်ဧကလျှင် (၁၄)သိန်းကျော် ပျမ်းမျှရရှိသည့်အတွက် စိုက်ပျိုးသူတောင်သူများအနေဖြင့် တွက်သားကိုက်သည့် သီးနှံလည်းဖြစ်ပါသည်။
ယခင်ဇူလိုင်လတွင် နှမ်းနက်(စမုံ) ၄၅ပိဿာ (၃)တင်းဝင် တစ်အိတ်လျှင် (၂၈၀၀၀၀)ကျပ်ဈေးသာရရှိခဲ့ပြီး ယခုဩဂုတ်လဆန်းပိုင်း နှမ်းအသစ်စတင် ထွက်ပေါ်ချိန်မှာပင် (၃၀၀၀၀၀)ကျပ်ဈေး အထိရရှိသည့်အတွက် ဈေးအနည်းငယ်မြင့်တက်ကာ အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စည်ဒိုင်သတင်းများအရ သိရှိရပါသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှုးရုံး**

## ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှု ဆက်လက်လျော့ကျ










ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ဆန်နှင့်ဆန်ကွဲပြည်ပတင်ပို့မှုဟာ ဧပြီလကစတင်တဲ့ ၂၀၂၃ – ၂၄ ဘဏ္ဍာနှစ် ပထမလေးလအတွင်း အနိမ့်ဆုံးအထိ လျော့ကျသွားတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) ရဲ့ သတင်းထုတ်ပြန်ချက်အရ သိရပါတယ်။

ဇွန်လနဲ့ယှဉ်ရင် ဆန်နှင့်ဆန်ကွဲတင်ပို့တဲ့ကုမ္ပဏီ ၅ ခုတိုးလာခဲ့ပေမဲ့ တင်ပို့တဲ့အရေအတွက်မှာတော့ လျော့ကျသွားတာပါ။ ဇူလိုင်လအတွင်း စုစုပေါင်း ဆန်တင်ပို့မှု ၂၁၇၆၂ မက်ထရစ်တန်နဲ့ ဆန်ကွဲတင်ပို့မှု ၃၆၅၇၂ တန်ရှိခဲ့တာဖြစ်ပြီး ပို့ကုန်ဝင်ငွေအနေနဲ့တော့ အမေရိကန်ဒေါ်လာ ၂၆ သန်းရှိခဲ့ပါတယ်။

ဆန်အများဆုံးတင်ပို့ခဲ့တာကတော့ ၆၇၆၅ တန် တင်ပို့နိုင်ခဲ့တဲ့ ဖိလစ်ပိုင်နိုင်ငံဖြစ်ပါတယ်။ အယ်နီညိုကြောင့် စပါးစိုက်ပျိုးနိုင်စွမ်းလျော့ကျသွားလို့ ပြည်တွင်းဖူလုံမှုအတွက် အိန္ဒိယက ဆန်အမျိုးအစားအချို့တင်ပို့မှုပိတ်ပင်လိုက်တာကြောင့် ဆန်ရှားပါးမှု၊ ဈေးနှုန်းမြင့်တက်မှုတွေဖြစ်ပေါ်မှာကို စိုးရိမ်ပြီး ဖိလစ်ပိုင်က ဆန်တင်သွင်းမှုကို တိုးမြှင့်လုပ်ဆောင်နေတာပါ။

ဇူလိုင်လအတွင်း ဆန်ကွဲတင်ပို့မှုမှာတော့ ကာလအတန်ကြာ တင်ပို့မှုလျော့နည်းနေတဲ့ တရုတ်နိုင်ငံထံ တင်ပို့မှုအများဆုံးဖြစ်ခဲ့ပါတယ်။ ၁၈၅၄၂ တန် တင်ပို့ခဲ့တာပါ။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဆန်တန်ချိန် (၂.၅) သန်း၊ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း(၁၀၀၀) ရရှိရန် ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဆိုပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဘက်က ထုတ်ပြန်ထားတာရှိပါတယ်။ ဒါပေမဲ့ ဘဏ္ဍာနှစ်သုံးပုံတစ်ပုံကျိုးသွားပြီဖြစ်တဲ့ ပထမလေးလပတ်အတွင်းမှာတော့ ဆန်နှင့်ဆန်ကွဲပြည်ပတင်ပို့နိုင်မှုဟာ လျာထားချက်ရဲ့ ၁၃ ရာခိုင်နှုန်းအောက်ပမာဏသာဖြစ်တဲ့ ၃၁၉၄၁၃ မက်ထရစ်တန်သာ တင်ပို့နိုင်သေးတာဖြစ်ပြီး ပို့ကုန်ဝင်ငွေအနေနဲ့လည်း အမေရိကန်ဒေါ်လာ ၁၃၈ သန်းသာ ရရှိထားသေးတာဖြစ်တယ်လို့သိရပါတယ်။ ယခု ဘဏ္ဍာနှစ်အတွင်း ဆန်နှင့်ဆန်ကွဲပြည်ပတင်ပို့မှု အများဆုံးဖြစ်ခဲ့တာက မေလအတွင်းကဖြစ်ပြီး စုစုပေါင်း ၁၁၀၇၀၆ မက်ထရစ်တန်ထိ တင်ပို့ခဲ့တာဖြစ်ပါတယ်။ အဲ့ဒီနောက် ဇွန်နဲ့ဇူလိုင် နှစ်လဆက်မှာတော့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှု သိသိသာသာ ပြန်လည်လျော့ကျသွားပါတယ်။

ဇွန် ၂၁ ရက်တုန်းကတော့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က သိုလှောင်ရုံတစ်နေရာမှာ စပါးတင်း ၅၀၀၀ (သို့) ဆန် တန် ၅၀ အထက်ပိုပြီးသိုလှောင်ပါက စာရင်းပြုစုတင်ပြရန်နဲ့ ဒါနဲ့ပတ်သက်လို့ တိုင်းဒေသကြီးတချို့မှာ စတင်စာရင်းကောက်သွားတော့မယ်ဆိုပြီး ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့တာရှိပါတယ်။

**Source:** https://greenwaymyanmar.com/posts/Rice_and_Broken_Rice_Export_July_2023

## တရုတ်ဝယ်လိုအားကြောင့် ထောပတ်ပဲဈေး မြင့်တက်လာ




မြန်မာပြည်တွင်းမှထွက်ရှိတဲ့ ထောပတ်ပဲများကို တရုတ်ဘက်က အဝယ်လိုက်လာတာကြောင့် ဈေးနှုန်းလည်း မြင့်တက်လာတယ်လို့ ကုန်သည်များထံမှ သိရပါတယ်။

ယခင် ထောပတ်ပဲ ပေါ်ကာစအချိန်တုန်းက သုံးတင်းဝင်တစ်အိတ်ကို ကျပ်နှစ်သိန်းဝန်းကျင်သာရှိခဲ့သော်လည်း ဇူလိုင်လကုန်ပိုင်းမှာတော့ ထောပတ်ပဲ သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၂၇၀၀၀၀ ကျော်အထိဖြစ်လာတယ်လို့ ဆိုပါတယ်။

ထိုကဲ့သို့ တရုတ်ဘက်က ဝယ်လိုအားများလာတဲ့အချိန် တောင်သူများနှင့် ကုန်သည်များလက်ဝယ်တွင် ထောပတ်ပဲလက်ကျန်နည်းနေခြင်းကြောင့်လည်း ဈေးကောင်းရရှိနေတာလို့ ဆိုပါတယ်။

ထောပတ်ပဲဟာ ပြည်တွင်းစားသုံးမှုများတဲ့ ပဲအမျိုးအစားဖြစ်တာကြောင့် ပြည်တွင်းမှာလည်း အရောင်း အဝယ်ကောင်းနေပြီး ပြည်ပနိုင်ငံများကိုပါ တင်ပို့ရောင်းချနေရခြင်းဖြစ်ပါတယ်။ ထောပတ်ပဲကို မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့မှာ အများဆုံး စိုက်ပျိုးထွက်ရှိတယ်လို့ သိရပါတယ်။

**ဆောင်းပါးကို opinionleaders မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## မြန်မာနှင့်ထိုင်းနယ်စပ်သို့ ပစ္စည်းများတင်ပို့တင်သွင်းလိုပါက စခန်းပေါက် ပြောင်းခွင့်ပြုမည်

မြန်မာနှင့်ထိုင်းနိုင်ငံနယ်စပ်သို့ ပစ္စည်းများ တင်ပို့၊ တင်သွင်းလိုပါက စခန်းပေါက် ပြောင်းခွင့်ပြုမည်ဖြစ်ကြောင်း ဩဂုတ် ၈ ရက်က ကုန်သွယ်ရေးဗန် ဦးစီးဌာန ( မြဝတီကုန်သွယ်ရေးဇုန်) က ထုတ်ပြန်သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဩဂုတ် ၇ ရက်က မြန်မာ-ထိုင်း ကုန်သွယ်မှုလမ်းကြောင်းဖြစ်သည့် မြဝတီလမ်းပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် လမ်းပိုင်းအချို့ ပျက်စီးမှုများရှိခဲ့ပြီး ပြင်ဆင်ရန် ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှု လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် စခန်းပေါက်ပြောင်းခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် တင်ပို့ရန် ပို့ကုန်လိုင်စင်ခွင့်ပြုချက်ရရှိပြီးသောပစ္စည်းများအတွက် မြန်မာ-ထိုင်း မည်သည့်နယ်စပ်ပေါက်မှမဆို တင်ပို့လိုပါက စခန်းပေါက်ပြောင်းခွင့်ပြုမည်ဖြစ်သလို ပင်လယ်ရေကြောင်းမှတင်ပို့လိုပါက ပြောင်းလဲခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် တင်သွင်းရန် ပို့ကုန်လိုင်စင်ခွင့်ပြုချက် ရရှိပြီးသောပစ္စည်းများအတွက် မြန်မာ-ထိုင်း မည်သည့်နယ်စပ်ပေါက်မှမဆို တင်ပို့လိုပါက စခန်းပေါက် ပြောင်းခွင့်ပြုမည် ဖြစ်သလို ပင်လယ်ရေကြောင်းမှ တင်ပို့လိုပါက ပြောင်းလဲခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

**Source:** https://t.me/sdtimedaily

## STOCK EXCHANGE (10.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Aug. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,108 (Shares) | 38,702,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 1,603 | 14,106,400 | 33,109,694 | 291,365 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,000 | 3,050 | 3,000 | 186 | 567,250 | 38,929,150 | 118,734 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 267 | 2,002,500 | 10,400,986 | 78,007 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 1,061 | 1,720,650 | 29,664,613 | 48,947 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 40 | 98,000 | 12,823,224 | 31,417 |
| EFR | 00006 | 2,400 | +0 | +0.00% | 2,300 | 2,400 | 2,300 | 3,210 | 7,384,000 | 19,977,223 | 47,945 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 5 | 25,000 | 10,497,598 | 52,488 |
| MAEX | 00008 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 6,736 | 12,798,400 | 23,804,946 | 45,229 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary


As of 9th Aug. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.61 | +0.00 | +0.00% | 376.52 | 378.61 | 376.52 | 13,108 | 38,702,200 | 8 | 714,132 |

### Index chart

Zoom: 5d 1m 3m 6m 1y 2y 5y All



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 9th Aug. 2023

| Trading Volume | Trading Value |
|---|---|
| 13,108 (Shares) | 38,702,200 (MMK) |

### Main Board

As of 1:00 pm, 9th Aug. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,108 (Shares) | 38,702,200 (MMK) |

| MYANPIX | 378.61 ▲ 0.00 |
|---|---|
| Total Volume (shares) | 13,108 |
| Total Value (MMK) | 39 mil |
| Listed Company | 8 |
| Market Cap. (MMK) | 714,132 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,400 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,900 | ▲ 0 |